ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ရုံးအမှတ် (၅၃)၊ နေပြည်တော်

စာအမှတ် ၊ အီးအိုင်အေ-၂ / သတ္တု(၁၁၀၇/၂၀၁၈)
ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၃၀ ရက်

သို့
ပြည်ထောင်စုဝန်ကြီးရုံး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

အကြောင်းအရာ။ **ရွှေစင်မိုးကုမ္ပဏီလီမိတက်၏ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ ဟဲဖက်ကျေးရွာအုပ်စုအတွင်းရှိ မြေဧရိယာ (၁၈.၅) ဧကကျယ်ဝန်းသော ရွှေသတ္တုလုပ်ကွက်တွင် ရွှေသတ္တုအသေးစားထုတ်လုပ်ခြင်းအတွက် တင်ပြလာသော ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းအစီရင်ခံစာကို အတည်ပြုပြန်ကြားခွင့်ပြုပါရန် တင်ပြခြင်း**

ရည်ညွှန်းချက်။ (၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ နေပြည်တော်၏ ၆.၃.၂၀၁၇ ရက်စွဲပါစာအမှတ်၊ အီးအိုင်မေ-၂/၉(၃၆၈/၂၀၁၇)
(၂) အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၏ ၁၅-၅-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၁၁၃၇/ ရွှေဖက်စပ်(ရွှေစင်မိုး-IEE/EMP)/၁၇-၁၈

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ရွှေစင်မိုးကုမ္ပဏီလီမိတက်၏ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ ဟဲဖက်ကျေးရွာအုပ်စုအတွင်းရှိ ရွှေလုပ်ကွက် (SHML-၇၁၀) မြေပုံညွှန်း (၈၃ပီ / ၅) ထောင့်တိုင်အမှတ်များဖြစ်သော (၈၉၆၇၁၁၊ ၈၉၂၇၁၀၊ ၈၉၂၇၁၃၊ ၈၉၀၇၁၃၊ ၈၉၂၇၁၄) မြေဧရိယာ (၁၈.၅) ဧကကျယ်ဝန်းသော ရွှေသတ္တုလုပ်ကွက်တွင် ရွှေသတ္တုအသေးစား ထုတ်လုပ်ခြင်းအတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်(EMP)ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ရည်ညွှန်း(၁)ပါစာ၏သဘောထား ပြန်ကြားမှုအပေါ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ထုတ်ပေးနိုင်ရေးအတွက် လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ပါရန် အမှတ် (၂) သတ္တုတွင်း လုပ်ငန်းမှ ရည်ညွှန်း(၂)ပါစာဖြင့် ပြင်ဆင်ပေးပို့လာခြင်းဖြစ်ပါသည်။

၂။ ရွှေစင်မိုးကုမ္ပဏီလီမိတက်မှ တင်ပြလာသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) တွင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ အောက်ဖော်ပြပါအချက်များ ဖော်ပြထားသည်ကို စိစစ်တွေ့ရှိ ရပါသည်-

(က) စီမံကိန်းအဆိုပြုသူမှ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစီရင်ခံစာပါပတ်ဝန်းကျင်ထိခိုက်မှုလျှော့ချရေး လုပ်ငန်းများနှင့် အစီအစဉ်များကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် အစီရင်ခံစာ ရေးသားသူမှ EMP အစီရင်ခံစာပါအချက်များမှာ တိကျမှန်ကန်ကြောင်း လက်မှတ်ရေးထိုး ဖော်ပြထားသည်ကို စိစစ်တွေ့ရှိရပါသည်။

(ခ) အဆိုပြုစီမံကိန်းအနေဖြင့် Open Cut Mining Method ဟင်းလင်းဖွင့်စနစ်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ရရှိလာသော မြေစာများကို Hydraulic Mining Method ဖြင့် အသုံးပြုမည်ဖြစ်ကြောင်းကို ဖော်ပြထားပါသည်။

(ဂ) စီမံကိန်းဆောင်ရွက်မည့် လုပ်သားဦးရေ၊ အဆောက်အဦအရေအတွက်၊ စက်ယန္တရားများ၊ သတ္တုတူးဖော်ထုတ်လုပ် သန့်စင်ပုံအဆင့်ဆင့်၊ တစ်နေ့လျှင် ထွက်ရှိမှုပျမ်းမျှတန်ချိန်တို့ကို ဖော်ပြထားပါသည်။

(ဃ) ကုမ္ပဏီ၏ ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒများနှင့် လိုက်နာဆောင်ရွက်မည့် ဥပဒေ၊ နည်းဥပဒေများကို ဖော်ပြထားပါသည်။

(င) စီမံကိန်းအနီးပတ်ဝန်းကျင်ရှိ လက်ရှိပတ်ဝန်းကျင်၏ ဆူညံသံ၊ ရေအရည်အသွေး၊ လေအရည်အသွေး၊ မြေထုအခြေအနေ၊ ဂေဟစနစ်၊ လူမှုပတ်ဝန်းကျင်အခြေအနေများကို တိုင်းတာဖော်ပြထားပါသည်။

(စ) စီမံကိန်းလုပ်ငန်းများကြောင့် ထိခိုက်နိုင်မှုများနှင့် လျော့ပါးစေရေး ဆောင်ရွက်မည့် အစီအစဉ်များတွင် ဆူညံသံနှင့်တုန်ခါမှုအတွက် အသုံးပြုစက်ယန္တရားများကို အသံထိန်းကိရိယာများအသုံးပြုခြင်း၊ နားကြပ်ကရိယာများ တပ်ဆင်ခြင်း၊ စက်များပေါ်တွင် အသံလုံပစ္စည်းများ၊ တည်ငြိမ်ပစ္စည်းများပတ်ပတ်လည်တွင် အကာအကွယ်ထားရှိခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းရေးအတွက် လုပ်ငန်းမှ ထွက်ရှိလာသည့် Tailing and Waste Water များအား ရေစုကန်များတွင် စနစ်တကျစုပုံခြင်း၊ စုဆောင်းခြင်း၊ ကြည်လင်လာအောင် ပြုလုပ်ပြီး ထွက်ရှိလာသော ရေများကို ပြန်လည်အသုံးပြုခြင်း၊ ထုတ်လုပ်သန့်စင်ပြီးသော မြေစာများကို သတ်မှတ်ထားသော စွန့်ပစ်မြေစာပုံတွင် စုပုံခြင်း၊ မြေစာပုံများကို သတ်မှတ်ထားသော Design အတိုင်းတည်ဆောက်ခြင်း၊ အောက်ခံ Lining ထားခြင်း၊ မြေထိန်းနံရံထားခြင်း၊ ပတ်လည်ရေနုတ်မြောင်းများထားခြင်း၊ လုပ်ငန်းတွင် သုံးစွဲမည့်ပြဒါးများကို အလေအလွင့်မရှိဘဲ ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်စေရန် ရွှေသန့်စင်မှုလုပ်ငန်းတွင် ပြန်လည်အသုံးပြုခြင်း၊ စွန့်ပစ်အမှိုက်များကို ကျင်းတူး၍ စနစ်တကျ စွန့်ပစ်ခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဆ) လူသုံးစွန့်ပစ်ပစ္စည်းများအား Concrete Waste Tank၊ Conventional Septic Tank များဖြင့် လည်းကောင်း၊ WHO ၏ သတ်မှတ်ထားသောစနစ်များဖြင့် တည်ဆောက်တပ်ဆင် အသုံးပြုသွားရန် ရည်ရွယ်ထားပါကြောင်း ဖော်ပြထားပါသည်။

(ဇ) အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းနှင့်ပတ်သက်၍ အစီရင်ခံစာတွင် ၂၄-၈-၂၀၁၆ ရက်နေ့၌ ဒေသခံရွာသူရွာသားများနှင့် တွေ့ဆုံဆွေးနွေးကြောင်းကို ဆွေးနွေးမှုရလဒ်များ၊ မှတ်တမ်းဓာတ်ပုံများဖြင့် ဖော်ပြထားသည်ကို စိစစ်တွေ့ရှိရပါသည်။

(ဈ) မြေပြိုကျမှုကြောင့် မတော်တဆထိခိုက်မှုဖြစ်ပွားရခြင်းနှင့် ကြိုတင်ကာကွယ်ရေး နည်းလမ်းများ၊ မီးဘေးအန္တရာယ်ကာကွယ်ရေး အစီအစဉ်တို့ကို ရေးဆွဲဖော်ပြထား သည်ကို စိစစ်တွေ့ရှိရပါသည်။

(ည) ပတ်ဝန်းကျင်စီမံခွဲမှုအစီအစဉ်တွင် မိုင်းပိတ်သိမ်းခြင်း၊ ပိတ်သိမ်းပြီးကာလ ဆက်လက် ဆောင်ရွက်ခြင်း၊ လေ့လာစောင့်ကြပ်ကြည့်ရှုမည့် အဖွဲ့အစည်း၊ စောင့်ကြပ်ကြည့်ရှု မည့်အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန်နှင့် ထိန်းသိမ်းရေးအတွက် ရန်ပုံငွေလျာထားချက်တို့ကို ဖော်ပြထားပါသည်။

၃။ ရွှေစင်မိုးကုမ္ပဏီလီမိတက်၏ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ ဟဲဖက်ကျေးရွာ အုပ်စုအတွင်းရှိ ရွှေလုပ်ကွက် (SHML - ၇၁၀) မြေပုံညွှန်း (၈၃ပီ/၅) ထောင့်တိုင်အမှတ်များ ဖြစ်သော (၈၉၆၇၁၁၊ ၈၉၂၇၁၀၊ ၈၉၂၇၁၃၊ ၈၉၀၇၁၃၊ ၈၉၂၇၁၄) မြေဧရိယာ (၁၈.၅) ဧက ကျယ်ဝန်းသော ရွှေသတ္တုလုပ်ကွက်တွင် ရွှေသတ္တုအသေးစားထုတ်လုပ်ခြင်းအတွက် တင်ပြလာသည့် ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်(EMP)သည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် ကိုက်ညီပါသဖြင့် အတည်ပြု နိုင်ပါကြောင်းနှင့် အောက်ဖော်ပြပါအချက်များအား အလေးထား လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း ပြန်ကြားနိုင်ရေးအပေါ် လမ်းညွှန်မှုပြုနိုင်ပါရန် တင်ပြအပ်ပါသည်-

(က) အစီရင်ခံစာ စာမျက်နှာ(၁၉)တွင်ဖော်ပြထားသော ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံး လုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည့်အပြင် အမျိုးသားပတ်ဝန်းကျင်ရေး ရာမူဝါဒ (၁၉၉၄)၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေများ (၂၀၁၈) ၊လူမှုဖူလုံရေးဥပဒေ (၂၀၁၂) ၊မြေအောက်ရေအက်ဥပဒေ (၁၉၃၀)၊ The Emergency Provision Act (1950)၊The Explosives Substances Act (1908)၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ(၂၀၁၇)၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ(၁၉၁၄)တို့ကိုပါ လိုက်နာ ဆောင်ရွက်သွားရန်၊

(ခ) လုပ်ငန်းခွင်မှထွက်ရှိသော စွန့်ပစ်မြေစာ/ ကျောက်များ စွန့်ပစ်ရာတွင် မြေအောက် ရေနှင့် ပတ်ဝန်းကျင်အပေါ်ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန်၊

(ဂ) လုပ်ငန်းဆောင်ရွက်စဉ်ကာလအတွင်း ထိခိုက်ခံစားရမည့် ဒေသခံပြည်သူနှင့် ဝန်ထမ်းများ၏ ရေရှည်လူမှုစီပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး အလေးပေးဆောင်ရွက်ရန်၊

(ဃ) လုပ်ငန်းဆောင်ရွက်သည့် လုပ်သားများအား ကျန်းမာရေးထိခိုက်မှုမရှိစေရေးအတွက် ကျန်းမာရေးစစ်ဆေးမှုများ (၃) လ တစ်ကြိမ်ဆောင်ရွက်၍ စောင့်ကြပ်ကြည့်ရှုခြင်း အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရန်၊

(င) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်စဉ် ကာလများအတွင်း အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန်၊

(စ) စီမံကိန်းကြောင့် ပျက်စီးသွားသည့် နေရာများတွင် ဒေသနှင့်လိုက်လျောညီသည့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်နှင့်ရှင်သန်ကြီးထွားသည်အထိ တာဝန်ယူကြီးကြပ် ဆောင်ရွက်ရန်၊

(ဆ) မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများအတွက် အစီရင်ခံစာ စာမျက်နှာ(၁၀၅) ပါအတိုင်း ဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်ရေအရည်အသွေး၊ မြေအရည်အသွေးတို့ ညစ်ညမ်းမှု မရှိစေရေး တာဝန်ယူဆောင်ရွက်ရန်၊

(ဇ) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ အခန်း (၂.၇.၂) သတ္တုတွင်း လုပ်ငန်းခွင်များအတွက် စွန့်ထုတ်အရည်ဆိုင်ရာ ကန့်သတ်တန်ဖိုးများကို လိုက်နာ ဆောင်ရွက်ရန်၊

(ဈ) အောက်ပါတို့ကို ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေး အစီအစဉ်များအား မကိုက်ညီမှုများကို ဝန်ကြီးဌာနသို့ နှောင့်နှေးမှု မရှိစေဘဲ အစီရင်ခံတင်ပြရမည် -

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှု ဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခုဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ၊

(ည) အပေါ်ယံမြေလွှာ၊ စွန့်ပစ်မြေစာ၊ မြေစာပုံများ စသည့်စွန့်ပစ်ပစ္စည်းစုပုံမည့် နေရာ ရွေးချယ်ခြင်းနှင့် သတ္တုတွင်းပိတ်သိမ်းခြင်း လုပ်ငန်းစဉ်ဖြစ်သည့် စွန့်ပစ်မြေစာများ ရေရှည်တည်ငြိမ်စေရေး၊ ပြိုကျမှုမရှိစေရေး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေရေး တိုကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဋ) မြေတိုက်စားနိုင်မှု ၊ ပြဿနာဖြစ်နိုင်သောနေရာများကို စနစ်တကျကာကွယ် ထိန်းချုပ်ရန်နှင့် ညစ်ညမ်းမှုရှိသည့် ဧရိယာများကို ပြန်လည်ထူထောင်ရန်၊ အပေါ်ယံမြေလွှာကို သင့်တော်စွာဖယ်ထုတ်ခြင်း၊ သိုလှောင်ခြင်းနှင့် အစားထိုးခြင်း ဆောင်ရွက်ရန်၊

(ဌ) ထွက်ရှိစွန့်ပစ်ပစ္စည်း (အရည်၊ အစိုင်အခဲ) အမျိုးအစား၊ အတန်းအစားနှင့် ပမာဏ၊ စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ ကိုင်တွယ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သန့်စင်ခြင်းနှင့် စွန့်ပစ်ခြင်းတို့အတွက် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဍ) ပစ္စည်းနှင့် လုပ်သားများကို သယ်ယူပို့ဆောင်ရေးနည်းလမ်းများ၊ ထုတ်ကုန်များ၊ ပစ္စည်းများ သို့မဟုတ် စွန့်ပစ်ပစ္စည်းများအား သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများ စနစ်တကျ သတ်မှတ်ဆောင်ရွက်ရန်၊

(ဎ) ထိခိုက်ခံစားရသည့် ဒေသခံများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အလေးထား အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဏ) လုပ်သားများအတွက် အကာအကွယ်ပစ္စည်းများ၊ နေထိုင်မှုစံချိန်စံညွှန်းများ၊ လုပ်ငန်းခွင်အခြေအနေ စသည်တို့အတွက် သက်ဆိုင်ရာဌာနများနှင့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်၊

(တ) ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုသယံဇာတများအား ထိခိုက်မှုမရှိစေရေး ကာကွယ်ပေးရန်နှင့် စီမံကိန်းအကောင်အထည်ဖော်စဉ်အတွင်း ရှာဖွေတွေ့ရှိသည့် ယဉ်ကျေးမှုသယံဇာတများအတွက် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာသို့ အကြောင်းကြားအပ်နှံရန်၊

(ထ) ဒေသခံပြည်သူများနှင့်တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှု ဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊

(ဒ) ထိခိုက်ခံစားရသည့်ဒေသခံများ၏ပညာရေး၊ အခြေခံအဆောက်အဦး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စီးပွားရေးမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဒေသခံများကို အလုပ်အကိုင်ခန့်ထားခြင်းတို့ ဆောင်ရွက်ရန်၊

(ဓ) သဘာဝဘေးအန္တရာယ်များနှင့်မတော်တဆမှုများကို ဖြေရှင်းနိုင်ရန်အတွက် ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အရေးပေါ်အခြေအနေ တုန့်ပြန်ရေးနှင့်စီမံခန့်ခွဲရေး စီမံချက်တစ်ခုကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(န) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာကို ဝန်ကြီးဌာနသို့ (၆) လတစ်ကြိမ် တင်ပြရမည့်အပြင် ထိုအစီရင်ခံစာများကို အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့တင်ပြသည့် နေ့ရက်မှ(၁၀)ရက်အတွင်း ထုတ်ပြန်ရန်၊

(ပ) စောင့်ကြပ်ကြည့်မည့် စွန့်ပစ်ရေ(parameters)များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်း

ဇယားနှင့်မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်းစသည်တို့ကို ရေးဆွဲ၍ အကောင်အထည် ဖော်ဆောင်ရွက်ပြီး သတ်မှတ်ချက်အတိုင်းတင်ပြရန်၊

(ဖ) လူသုံးစွန့်ပစ်ပစ္စည်းများအား Concrete Waste Tank၊ Conventional Septic Tank များဖြင့် လည်းကောင်း၊ WHO ၏ သတ်မှတ်ထားသောစနစ်များဖြင့်လည်းကောင်း တည်ဆောက်တပ်ဆင် အသုံးပြုသွားရန်၊

(ဗ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများအား ပိတ်သိမ်းရန် စီစဉ်ထားသည့် အချိန်မတိုင်မီ (၆) လ အလိုတွင် ပိတ်သိမ်းခြင်းနှင့် ပိတ်သိမ်းပြီးနောက်အဆင့်များ အတွက် စီမံချက်တစ်ရပ်ကို ပြင်ဆင်ဆောင်ရွက်ရန်၊

(ဘ) အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတိုင်း လိုက်နာဆောင်ရွက်သွား ရန်။

၃၀.၈.၂၀၁၈

(လှမောင်သိန်း)
ညွှန်ကြားရေးမှူးချုပ်

မိတ္တူကို

ရုံးလက်ခံ၊ မျှောစာတွဲ၊ အမှုတွဲချုပ်